**သမတအိမ်တော်၊ ရန်ကုန်မြို့**

**၁၉၅၉ ခုနှစ်၊ ရှမ်းပြည်နယ်ဥက္ကဋ္ဌ နေအိမ်အက်ဥပဒေ။**

**[၁၉၅၉ ခုနှစ်၊ ရှမ်းပြည်နယ် အက်ဥပဒေအမှတ် ၁။]**

**၁၃၂၁ ခုနှစ်၊ တန်းခူးလဆန်း ၁၅ ရက်။**

**(၁၉၅၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ရှမ်းပြည်နယ်ဥက္ကဋ္ဌတည်းခိုနေထိုင်ရန်အလို့ငှါ၊ ရှမ်းပြည်နယ်အစိုးရရုံးစိုက်သည့် တောင်ကြီးမြို့တွင် ဆင်ယင်မွမ်းမံထားသည့် နေအိမ်တဆောင်ထားရှိစေရမည်။

၂။ ။ အဆိုပါ နေအိမ်နှင့်တကွ အိမ်ဝင်းခြံအတွင်းရှိ ဥယျာဉ်ခြံမြေများကို ထိန်းသိမ်းစောင့်ရှောက်သည့် အတွက်၊ ကုန်ကျသည့်စရိတ်အားလုံးကို ရှမ်းပြည်နယ်အစိုးရဘဏ္ဍာတော်မှကျခံစေရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၂၁ ခုနှစ်၊ တန်းခူးလဆန်း ၁၅ ရက်။

(၁၉၅၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတ၏အတွင်းဝန်။

[အမှတ် ၃၈]